ဒေါက်တာဆာဆာမှ ဂျာမန်ပါလီမန်အမတ်များထံသို့ ပန်ကြားချက်

ဒေါက်တာဆာဆာ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ပြောရေးဆိုခွင့်ရှိသူမှ ဂျာမန်ပါလီမန်ကော်မတီသို့ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း ၍ ပြောကြားခဲ့သည့်မိန့်ခွန်း

၆ ရက်နေ့ မေလ ၂၀၂၁ ခုနှစ်

မင်္ဂလာပါ၊ ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံအတွက် ခက်ခဲ ကျပ်တည်းဆုံးသောအခိုက်အတန့်မှာ ကျွန်တော့်ကိုလက်ခံတွေ့ဆုံ ပေးကြတဲ့အတွက်ကျေးဇူးအထူးတင်ရှိပါတယ်။ ဤအရေးကြီးသော ကော်မတီမှတစ်ဆင့် ဂျာမနီ ပါလီမန်အမတ်များ အားလုံးရဲ့ရှေ့မှောက်မှာ အခုလိုမိန့်ခွန်းပြောခွင့် ရတဲ့အတွက် အင်မတန်မှ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့ တရားမဝင်သော စစ်အာဏာသိမ်းမှုနောက်ပိုင်း ကြီးလေးဆိုးရွားသော ဖြစ်ရပ်များကို ရှင်းလင်းတင်ပြရန် ယနေ့ ဤနေရာသို့ကျွန်ုပ်ရောက်ရှိ လာခြင်းဖြစ်သည်။ သို့သော်လည်း မြန်မာပြည်သူများ၏ တိုက်ရိုက် မေတ္တာရပ်ခံမှုများကြောင့်လည်း ဤနေရာသို့ရောက်ရှိနေတာဖြစ်ပါတယ်။ ကျွန်ုပ်တို့၏အမှောင်ဆုံးအချိန်ကာလတွင်ကျွန်ုပ်တို့ကိုကူညီပေးကြပါ။ ဤခဲယဉ်းသောကာလတွင် သင်တို့၏ စုစည်းညီညွတ်မှုနှင့် ထောက်ခံမှုများသည် ကျွန်ုပ်တို့အတွက် အသက်တမျှ အရေးကြီးလှပါသည်။

လူသတ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် သူ၏အပေါင်းအပါများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရည်မှန်းချက်များကို ရိုက်ချိုးခဲ့သည့်ကံဆိုးလှသည့်နေ့မှစ၍ ရက်ပေါင်း ၁၀၀ နီးပါးရောက် တော့မည်ဖြစ်သည်။ မြန်မာပြည်သူလူထုများစွာကဲ့သို့ပင် ကျွန်ုပ်သည် ထိုနေ့တွင် ကြောက်ရွံ့နေခဲ့

သော်လည်း ဆက်လက်အသက်ရှင်ခဲ့သည်။ ပြည်သူများစွာကတော့ ကံမကောင်း ခဲ့ကြပါဘူး။ထို ကြောက်မက်ဖွယ်ကောင်းသောနေ့မှစ၍ အာဏာသိမ်းစစ်ကောင်စီ၏ လက်ပါးစေတပ်များ သည် မြန်မာနိုင်ငံ၏မျိုးချစ်သောပြည်သူ ၈၀၀ နီးပါးကိုသတ်ဖြတ်ခဲ့ကြပြီး ၄၇၀၀ ကျော်ကို မတရား ဖမ်းဆီးထားခြင်းနှင့်ကျွန်ုပ်တို့၏နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတကြီး ဦးဝင်းမြင့်အပါအဝင်ညီအစ်ကိုမောင်နှမ ၃၇၀၀ကျော်ကို လက်ရှိထောင်ချ ထားလျက် ရှိသည်။ ကျွန်တော့်အနေဖြင့် " မြန်မာစစ်တပ်များဟုမသုံးနှုန်းပဲ အာဏာသိမ်းစစ် ကောင်စီများ" ဟုသုံး နှုန်းခြင်းကိုမှတ်ထားစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်သူများသည် ၎င်းတို့အား မိမိတို့ကိုကိုယ်စားပြုသောသူများမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီးသား ဖြစ်ပါ သည်။ နိုင်ငံ့တပ်မတော်၏ ရည်ရွယ်ချက်သည် ၎င်းတို့ပြည်သူများကို ကာကွယ်ပေးရန်ဖြစ်သည်။ မင်းအောင်လှိုင်၏ လက်ပါးစေတပ်သားများသည် ဆန့်ကျင်ဖက်အားဖြင့် ပြည်သူများအား သတ် ဖြတ်ခြင်း၊ လိမ်လည်ခြင်း နှင့်မတရားဖမ်းဆီးချုပ်နှောင်ခြင်းများကို ပိုမိုပြုလုပ်နေကြသည်။ မြန်မာပြည်သူများအနေဖြင့် မင်းအောင်လှိုင်နှင့်သူ့ကိုထောက်ခံသတင်းပို့သူများအား တိုင်းပြည် နှင့်ပြည်သူကို ဖျက်ဆီးနေသော အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ရှုမြင်ကြသည်။ သူတို့သည် ပြည် သူများကို ခိုင်လုံသည့်အကြောင်းပြချက်၊ ရှင်းပြချက်နှင့် ကြားနာမှုတစ်စုံ တစ်ရာမရှိဘဲ ဖမ်းဆီး ချုပ်နှောင်နေကြသည်။ သူတို့သည် မြန်မာနိုင်ငံ၏လမ်းမများအပေါ်တွင် ရိုက်နှက်ခြင်းနှင့် သတ် ဖြတ်ခြင်းများကိုကျူးလွန်သည့်အပြင် ထောင်ထဲတွင်လည်း နှိပ်စက်ညှင်းပန်းခြင်းများ ပြုလုပ် လျက်ရှိကြသည်။ ဖမ်းဆီးချုပ်နှောင်ထားစဉ်တွင် ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်းများ၊ ထောင် များနှင့် လမ်းမများပေါ်တွင်လည်း မုဒိမ်းမှုများနှင့် လိင်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုများ စသည့် သတင်းများမြင့်တက်လျက်ရှိသည်။ တပ်မတော်သည် ဆယ်စုနှစ်ပေါင်းများစွာ တိုင်းရင်းသား လူမျိုးစုများအပေါ်တွင် မုဒိမ်းမှုကိုလက်အနက်အဖြစ်ကျင့်သုံးခဲ့ကြသည်။

စစ်အစိုးရသည် သင်တို့နှင့် မြန်မာပြည်သူများအား ဤအကြောင်းအရာတွေကိုမသိစေချင်ပါဘူး။ ထို့ကြောင့်၎င်းတို့သည် မြန်မာနိုင်ငံအတွင်းရှိလက်ရှိသတင်းစီးဆင်းမှုကိုအတတ်နိုင်ဆုံးကန့်သတ် နိုင်ရန် ကြိုးစားနေကြပါသည်။ သူတို့သည် အင်တာနက်ဆက်သွယ်မှုကို ရက်သတ္တပတ် များစွာ ပိတ်ဆို့ထားခဲ့ပြီး လွတ်လပ်သော သတင်းမီဒီယာများကဌာနများကို ဖျက်သိမ်းခြင်း၊ တရားဝင် အဖွဲ့အစည်းများကို ပိတ်ပင်ခြင်းများအပြင် သတင်းမီဒီယာသမားများကို ထောင်ချနှိပ်စက်ခြင်း များပြုလုပ်ခဲ့သည်။ ဂျပန်နိုင်ငံသားသတင်းထောက်အပါအဝင် သတင်းသမား ၄၀ ကျော်မှာ လက် ရှိဖမ်းဆီးထိန်းသိမ်း ခံထားရသည်။

ကျွန်ုပ်တို့မြင်တွေ့နေရတဲ့ စစ်ကောင်စီ၏ အကြမ်းဖက်မှုများသည် စနစ်တကျနဲ့ပျံ့နှံ့နေပါသည်။ လိုရင်းတိုရှင်းပြောရရင် သူတို့သည် မြန်မာပြည်သူများအပေါ် လူသားမျိုးနွယ်ကိုဆန့်ကျင်သော ရာဇဝတ် မှုများအား ကျူးလွန်နေကြပါသဖြင့် သူတို့သည်ရပ်တန့်ရပါလိမ့်မည်။

မြန်မာပြည်သူလူထုများသည် တိုင်းပြည်ကိုသိမ်းပိုက်ရန်ကြိုးစားသည့် စစ်အစိုးရ၏ကြိုးပမ်းမှုကို ခုခံတွန်းလှန်ရန် အတတ်နိုင်ဆုံးလုပ်ဆောင်နေကြပါသည်။ ဆရာဝန်များနှင့် ပညာတတ်များမှ စတင်ဦးဆောင်သော အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် ထောင်ပေါင်းများစွာသောပြည်သူ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကအလုပ်သမားများအပေါ် လွှမ်းမိုးထားသည်။ CDM သည်စီးပွားရေးကိုရပ်တန့်စေရန် ကူညီပေးသည်။ အထင်မလွဲပါနဲ့။ ဒါသည် မြန်မာပြည်သူများက သူ့တို့၏အာဏာဖြင့် သူတို့ အောင်မြင်ရန် လိုအပ်သည့် စီးပွားရေး အရင်းအမြစ်များ ငြင်းပယ်ခြင်းဖြင့် စစ်ကောင်စီအား ဆန့်ကျင်ရန်ပြုလုပ်နေကြခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့် ၃လကာလပတ်လုံးတွင် သူတို့၏လွတ်လပ်ခွင့်အတွက် နေ့စဉ်နှင့်အမျှ ချီတက်ဆန္ဒပြခဲ့ကြသော မြန်မာနိုင်ငံအနှံ့ရှိ သန်းပေါင်းများစွာသောပြည်သူလူထုများသည် CDM ကိုပူးပေါင်း ပါဝင်လာခဲ့ကြသည်။ မြန်မာပြည်သူလူထုသည် ရက်စက်ကြမ်းကြုတ်မှုများအကြားတွင် အရှုံးမပေးဘဲ သတ္တိနှင့်ရဲရင့်မှုများကို နေ့စဉ်ပြသနေကြပါသည်။ အဘယ်ကြောင့်ဆိုသော် အာဏာဖီဆန်လှုပ်ရှားမှုသည် စစ်ကောင်စီ၏ အကြမ်းဖက်မှုများထက် ပိုမိုအင်အားကြီးကြောင်းကို အားလုံးနားလည်သဘောပေါက်သောကြောင့်ဖြစ်သည်။စစ်အစိုးရ၏အကြမ်းဖက်မှုနှင့် ပြည်သူလူထု၏ရဲရင့်မှုတို့ကြောင့် ကျွန်ုပ်တို့သည်လိုအပ်ချက်အရ အမျိုးသားညီညွတ်ရေးအစိုးရကိုဖွဲ့စည်းခဲ့ပါသည်။ ပြည်သူ့အစိုးရနှင့်ပတ်သက်ပြီး နောက်ခံ အကြောင်းအရာတချို့ကို ကျွန်တော်ပြောပြချင်ပါသည်။

အာဏာသိမ်းပြီးရက်အနည်းငယ်အကြာတွင် အစိုးရအသစ်ဖွဲ့ရန်တာဆီးခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) သို့မဟုတ် ပြည်ထောင်စုပါလီမန်ကိုယ်စားပြုကော်မတီကိုဖွဲ့စည်းခဲ့ကြပါသည်။ CRPH ၏ရည်ရွယ်ချက်များမှာ မတရားဖမ်းဆီးထိန်းသိမ်းထားသူများအား ခြွင်းချက်မရှိပြန်လွှတ်ပေးရေး၊ ပြည်ထောင်စုလွှတ်တော်၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် အစိုးရဖွဲ့စည်းခြင်း တို့ဖြစ်သည်။ ကျွန်တော်သည် CRPH ကိုကုလသမဂ္ဂအထူးသံတမန်အဖြစ် ဝင်ရောက်ခဲ့ပြီး ထိုအချိန်ကတည်းက အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် SAC သည် CRPH အဖွဲ့ဝင်များအားလုံးကို ဖမ်းဆီးရန် ဝရမ်းထုတ်ခဲ့ပါသည်။ ကျွန်တော့်ကိုလည်း နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲထားပါသည်။ ကျွန်တော့်ကိုဖမ်းမိခဲ့လျှင် သေဒဏ်ပေးခံရမှာ ဖြစ်ပါတယ်။ အရိုးသားဆုံးပြောရရင် တိုင်းပြည်နှင့်လူမျိုးအပေါ် နေ့စဉ်နဲ့အမျှ

ရာဇဝတ်မှုကျူးလွန်နေကြသော စစ်ကောင်စီ ခေါင်းဆောင်များက ကျွန်တော့်အား ရာဇဝတ်သား တစ်ဦးအဖြစ် သတ်မှတ်ခံရခြင်းကို ဂုဏ်ယူရလိမ့်မည်ဟု ဘယ်တုန်းကမှမစဉ်းစားခဲ့မိဖူးပါဘူး။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် မိမိတိုင်းပြည်နှင့်လူမျိုးများ လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီရရှိရေးအတွက် ရှေ့ဆုံးမှမားမားမတ်မတ်ရပ်တည်ပြီး တိုက်ခိုက်ပေးရုံသာမက ကျွန်တော့်အသက်ကိုပါ အပ်နှံထားပါတယ်။

ဧပြီလ ၁ ရက်နေ့တွင် ကျွန်ုပ်တို့သည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး နှစ်ပတ်အကြာမှာတော့ အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းလိုက်ပါသည်။ အဖွဲ့အစည်း၏ ရည်မှန်းချက် ဖြစ်သည့် “စည်းလုံးခြင်း”ကို အဖွဲ့အစည်းနာမည်၏ အလယ်တွင်တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့၏ ကြီးမားစွာမတူကွဲပြားမှုအားလုံး စည်းလုံးညီညွတ်မှသာလျှင် မြန်မာနိုင်ငံ၏အလားအလာကောင်းများကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်သောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဤစည်းလုံးမှုကို အမှန်တကယ်ရောင်ပြန်ဟပ်နိုင်သည့် အစိုးရတစ်ရပ်ဖွဲ့စည်းရန် လုပ်ဆောင်နေဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခေတ္တသမ္မတကြီး၊ ဒုသမ္မတကြီး ဒူဝါလရှီးလသည် ကချင်လူမျိုးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကရင်ခေါင်းဆောင် ဦးမန်းဝင်းခိုင်သန်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကရင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် စူစန်နာလှလှစိုး ဦးဆောင်သော အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနအသစ်တစ်ခုကို လည်း တည်ထောင်လိုက်ပါသည်။ ပြီးခဲ့သည့်အပတ်တွင် ကျွန်ုပ်တို့သည် LGBT အသိုင်းအဝိုင်းအတွက် ထင်ရှားသော ခေါင်းဆောင်တစ်ဦးနှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဖွဲ့စည်းမှုကို ကြေငြာခဲ့သည်။

ကျွန်ုပ်တို့၏ အစိုးရအသစ်ကိုဖြည့်စွက်ပြီး ၎င်း၏ရာထူးများနှင့်ဦးစားပေးမှုများတရားဝင်ဖြစ်သွားပါက တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများ၊ ဂုဏ်သိက္ခာနှင့်ဘဝအရည်အသွေးများ ကာကွယ်ခြင်းနှင့်မြှင့်တင်ခြင်းစသည့်အရေးကြီးသော ပြဿနာများအား ဦးစားပေးကိုင်တွယ် ဖြေရှင်းသွားမည်ဖြစ်သည်။ထိုလူမျိုးစုများထဲတွင် ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမ ရိုဟင်ဂျာ များလည်း ပါဝင်သည်။ ကျွန်ုပ်တို့သည် လာမည့်ရက်များနှင့် ရက်သတ္တပတ်များတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၏ တရားဝင်ရာထူးများကို ကြေငြာဆွေးနွေးရာ၌ ရိုဟင်ဂျာများအား ညီအစ် ကိုမောင်နှမ အဖြစ်ခေါ်ရန် ကျွန်တော်အလွန်ဂုဏ်ယူပြီး သူတို့နှင့်အတူ လက်တွဲလျက် လူမျိုးရေး၊ ယဉ်ကျေးမှု၊ လိင်ခွဲခြားမှု၊ လူမျိုးစုနှင့်ဘာသာရေး မခွဲခြားပဲ လူတိုင်း၏ တရားမျှတမှုနှင့် အခွင့် အရေးကို

ကာကွယ်ခြင်း နှင့်လေးစားခြင်းရှိသော မြန်မာနိုင်ငံအသစ်တည်ဆောက်ရန် မျှော်လင့် ကြောင်း သင်တို့ကိုကျွန်တော်ဒီနေ့ ပြောလိုပါသည်။

ကျွန်ုပ်တို့၏တိုင်းပြည်ကို ရက်စက်ကြမ်းကြုတ်သောစစ်ကောင်စီလက်မှ လွတ်မြောက်ရန်လှုပ်ရှားမှုများတွင် ရှေ့တန်းမှရှိနေသောလူငယ်များအတွက် ကျွန်တော်အလွန်ဂုဏ်ယူမိပါသည်။ စစ်ကောင်စီသည် ရိုဟင်ဂျာများနှင့် တိုင်းရင်းသာလူနည်းစုများအား တိုက်ခိုက်ခဲ့စဉ်တွင် လူငယ်အများစုသည် သူတို့ဘက်မှရပ်တည်ပြောဆိုခြင်းနှင့် အသံမထွက်ပေးခဲ့ကြသည့်အတွက် နောင်တရကြောင်း လူသိရှင်ကြားဝန်ခံတောင်းပန်ခဲ့ကြပါသည်။ လူသားတိုင်း၏လူ့အခွင့်အရေးအပေါ်ထားရှိသည့် သူတို့၏ ကတိကဝတ်များနှင့် လွတ်လပ်ရေးအတွက် ရဲရဲဝင့်ဝင့်တိုက်ပွဲဝင်သော လူငယ်များကြောင့် တိုင်းပြည်၏အနာဂတ်ကို ကျွန်တော်အလွန်အကောင်းမြင်မိပါသည်။ သို့သော်မြန်မာနိုင်ငံ၏ ကံကြမ္မာသည် မြန်မာပြည်သူပြည်သားများ၏ လက်ထဲတွင်ရှိနေသော်လည်း အောင်မြင်ရန်သင်တို့၏အကူအညီကို ကျွန်ုပ်တို့လိုအပ်ပါသည်။ ထို့ကြောင့် ဥရောပသမဂ္ဂ၊ သင်တို့၏တိုင်းပြည်နှင့်သင်တို့အား ကျွန်တော်အနူးအညွတ်မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်တော့်မှာ အဓိကတောင်းဆိုချက် ၃ ခု ရှိပါသည်။

၁။ အမျိုးသားညီညွတ်ရေးအစိုးရနှင့်လက်တွဲပူးပေါင်းပေးပါ။ ကျွန်ုပ်တို့သည် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ရွေးကောက်ခံခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်နယ်ခေါင်းဆောင်များဖြင့်ဖွဲ့စည်းထားပါသည်။ မြန်မာပြည်သူလူထုသည် ကျွန်ုပ်တို့အား တရားဝင်အစိုးရအဖြစ် တရားဝင်ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုသကဲ့သို့ သင်တို့သည်လည်း ကျွန်ုပ်တို့အား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုပေးဖို့မျှော်လင့်ပါသည်။ ယခုကဲ့သို့ပင် ဆက်လက်ပြီး မှန်ကန်သည့်သတင်းအချက်အလက်၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် အကြံပြုချက်များ အတွက်ကျွန်ုပ်တို့အားအသုံးပြုပေးပါ။

၂။ ကြီးထွားလျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် ကျွန်ုပ်တို့ကိုကူညီပေးပါ။ WFP ၏လေ့လာတွေ့ရှိချက်အရ လာမည့်လများတွင် မြန်မာပြည်သူလူထု ၃ သန်းကျော်သည် အငတ်ဘေးနှင့်ကြုံတွေ့လိမ့်မည်ဟုဖော်ပြခဲ့သည်။ အမျိုးသားညီညွတ် ရေးအစိုးရအနေဖြင့် အကူအညီများကို လိုအပ်သောနေရာများသို့ ရောက်ရှိမည့် အကြောင်းနှင့် သပိတ်မှောက်အလုပ်သမားများအားငင်းတို့၏ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းရန် ရံပုံငွေများပေးခြင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်ညှိနှိုင်းခြင်းတို့တွင် အတွေ့အကြုံများစွာရှိခဲ့ပြီးဖြစ်ပါသည်။ လက်ရှိတွင်ကျွန်ုပ်တို့သည် ထိုင်းနှင့် အိန္ဒိယနယ်စပ်ဖြတ်ကျော်ရန် အကူအညီများကိုညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ပညာ

ရေးဆိုင်ရာ အထောက်အပံ့များကိုလည်း လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ ကလေးများအားပညာရေးဆိုင်ရာ ပစ္စည်းများလက်လှမ်းမီစေရန် သေချာအောင်လုပ်ဆောင်နေပါသည်။ မြန်မာနိုင်ငံ၏ ဘေးပတ်ဝန်းကျင်များတွင် မြင့်တက်လျှက်ရှိသောCovid-19 ရောဂါ ကာကွယ်ဆေးကို ပြည်သူလူထုများရရှိနိုင်ရန် ကျွန်ုပ်တို့ကြိုးစားနေသော်လည်း စစ်ကောင်စီမှာမူ ပြည်သူလူထုကို Covid-19 ရောဂါမှကာကွယ်နိုင်ရန် မကြိုးစားတဲ့အပြင် တိုင်းပြည်အနှံ့ပြည်သူများကို သူတို့၏လက်နက်ဖြင့် သတ်ဖြတ်နေကြသည်။

၃။ စစ်ကောင်စီကို ငွေရေးကြေးရေးအရ ဖိအားပေးပါ။ ကျွန်တော်ပြောခဲ့သလိုပဲ အာဏာဖီဆန်ရေးလှုပ်ရှားမှုဖြင့် စစ်ကောင်စီအပေါ် ပြည်သူလူထု၏သပိတ်မှောက်ခြင်းမျိုးစုံနှင့် အခြားလူထုမနာခံမှုများဖြင့် ပြင်းထန်သော ဒဏ်ခတ်အရေးယူမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်ကောင်စီ၏ထုတ်ကုန်များကို သပိတ်မှောက်နေပြီး အစိုးရဝန်ထမ်းအများစုကလည်း စစ်ကောင်စီ၏ လုပ်ရပ်ကိုကူညီရန်ငြင်းဆန်နေကြသည်။ ဥရောပသမဂ္ဂမှချမှတ်ထားသော အရေးယူပိတ်ဆို့မှုများသည် ကျွန်ုပ်တို့၏ ပြည်တွင်းကြိုးပမ်းများကို အထောက်အကူပြုရန် အစပြုခဲ့သည်။ မကြာသေးမီက နယူးယောက် တိုင်မ်းသတင်းထောက်အား စစ်ကောင်စီ၏ ဝင်ငွေရှာဖွေသူ တစ်ဦး (Lobby)က “ယခုအချိန်တွင် စစ်ကောင်စီထံ၌ ဝင်ငွေအများကြီးမရှိကြောင်း”နှင့် ဝင်ငွေသည် စစ်အစိုးရအတွက် အထူးအရေး ကြီးကြောင်းပြောကြားခဲ့သည်။

စစ်ကောင်စီ၏အကြီးမားဆုံးဝင်ငွေအရင်းအမြစ်ဖြစ်သော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ထိရောက်စွာဒဏ်ခတ်မှု မရှိသေးပါ။ အမျိုးသားညီညွတ်ရေး အစိုးရသည် အီးယူ၏တရားစီရင်ပိုင်ခွင့်အောက်တွင်ရှိသော ဥရောပစွမ်းအင်ကုမ္ပဏီဖြစ်သော တိုတယ် (Total) နှင့်တိုက်ရိုက်ဆက်သွယ်မှုပြုလုပ်နေပါသည်။ ကျွန်ုပ်တို့သည် သူတို့အား စစ်ကောင်စီထံသို့ ယခုစီးဝင်နေသောဝင်ငွေများကို ငွေချေးစာရင်း (သို့မဟုတ်) ရံပုံငွေ ထံသို့လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ အရပ်ဖက်အဖွဲ့အစည်း ၄၀၀ ကျော်သည် ဤအရေးပါသောခြေလှမ်းကို ထောက်ခံကြောင်း လူသိရှင်ကြား ထုတ်ပြန်ကြေငြာခဲ့သည်။ တိုတယ်အနေဖြင့် ၎င်းတို့၏ စာချုပ်ဆိုင်ရာတာဝန်ဝတ္တရားများနှင့် ပတ်သက်၍စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။ ဤကဲ့သို့ စိုးရိမ်မှုများကို ကျွန်ုပ်တို့လေးစားပါသည်။ သို့သော်အမှန်တကယ်တွင် ဘဏ္ဍာငွေများကို တရားဝင်ရည်ရွယ်ချက်များတွင်အသုံးပြုမည့် တရားဝင်အစိုးရနှင့်ဆက်ဆံခြင်းမရှိပါ။ စစ်ကောင်စီသည် တရားဝင်မဟုတ်သော်လည်း မြန်မာပြည်သူလူထုအကျိုးအတွက်ရရှိသော အကျိုးအမြတ်များကို အသုံးပြုမည့်အစားမြန်မာပြည်သူလူထုကို ဖျက်ဆီးရန်အသုံးပြုနေသည်။ အစိုးရ၏ စီးပွားရေးပိတ်ဆို့မှုများသည် တိုတယ်နှင့် အခြားစွမ်းအင်လုပ်ငန်းစု၏အဖွဲ့ဝင်များကို သေချာမှု

ပေးရန်ဖြစ်သည်။ ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းတို့သည် စစ်ကောင်စီထံသို့ ဝင်ငွေစီးဆင်းမှုကိုရပ်တန့်ရန် ဥပဒေအရတာဝန်ရှိရမည်။

ထို့ကြောင့်ကျွန်တော့်အနေဖြင့် ဂျာမနီနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့များအပါအဝင် အခြားအစိုးရပိုင် စီးပွားရေးလုပ်ငန်းများကို အရေးယူပိတ်ဆို့မှု များပြုလုပ်သွားရန် တွန်းအားပေးဖို့တောင်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့သည် တရားမဝင်စစ်ကောင်စီအား မြန်မာပြည်သူလူထု၏ချမ်းသာကြွယ်ဝမှုကို တိုင်းပြည်ကိုဖျက်ဆီးရန်၊ သတ္တိရှိသောပြည်သူများကို သတ်ဖြတ်ရန်နှင့် အကြမ်းဖက်စိုးမိုးမှု ဆက်လက်တည်မြဲရန် စစ်လက်နက်များ ဝယ်ယူရာ၌ သုံးစွဲခွင့်မပြုသင့်ပေ။ ကျွန်ုပ်တို့သည် နှစ်နိုင်ငံသုံး နည်းပညာ လွှဲပြောင်းခြင်းအပါအဝင် နိုင်ငံတကာ လက်နက်ရောင်းချမှု ပိတ်ဆို့မှု အတွက် သင်တို့၏ထောက်ခံမှုကိုလိုအပ်ပါသည်။ ဂျာမနီသည် ဥရောပသမဂ္ဂမှတစ်ဆင့် လက်နက်ရောင်းချမှု ပိတ်ပင်ထားမှုကို ကျွန်ုပ်တို့အနေဖြင့် အလွန်တန်ဖိုးထား ဝမ်းမြောက်မိပါသည်။ ဤလုပ်ဆောင်ချက်များအပြင် ဂျာမနီနှင့် အီးယူအား အခြားနိုင်ငံများမှ ပိုမိုပြင်းထန်သောပိတ်ဆို့ အရေးယူမှုများကို အားပေးခြင်းနှင့် ထိုအရေးယူမှုများကို တစ်သမတ်တည်းဖြစ်စေရန် ညှိနှိုင်း ဆောင်ရွက်ပေးဖို့ ကျွန်တော်တောင်းဆိုချင်ပါသည်။ ဒဏ်ခတ်ပိတ်ဆို့မှုများကို အတူတကွ ချိတ်ဆက်ထားခြင်းသည် စစ်ကောင်စီအပေါ်တွင် ထိရောက်သော သက်ရောက်မှု ရှိပါလိမ့်မည်။

ကျွန်ုပ်တို့ရဲရင့်သောမြန်မာလူမျိုးများနှင့် ပြည်သူ့အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မြန်မာနိုင်ငံအား ဤအကြမ်းဖက်အင်အားစုများ၏ လက်မှလွတ်မြောက်ရန် ကြိုးစားအား ထုတ်မှုသည် မုချအောင်မြင်လိမ့်မည် ဟူသောကျွန်တော့် စကားကို မှတ်ထားပေးကြပါ။ ဤ တိုက်ပွဲ၏ အခြားတစ်ဖက်တွင်လည်း ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အသိုင်းအဝိုင်းတွင်တာဝန်ရှိသည့် မိတ်ဖက်ဖြစ်ရန် ကတိကဝတ်ပြု ထားသည့် မြန်မာနိုင်ငံ ပေါ်ထွက်လာလိမ့်မည်။ သင်တို့၏အကူအညီဖြင့် ကျွန်တော်တို့၏ မျှော်မှန်းချက်နှင့်အိမ်မက်များသည်အမှန်တကယ်အကောင်အထည်ဖော်လာပြီး မြန်မာနိုင်ငံ၏ မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအနာဂတ်ဖြစ်လာပါလိမ့်မည်။

ကျေးဇူးအများကြီးတင်ပါတယ်။